# ရေလွှမ်းမိုးပြီးနောက် အစားအစာ ထားရှိရာနှင့် တည်းခိုရာနေရာများ ပြန်လည်ဖွင့်လှစ်ရန်အတွက် လမ်းညွှန်ချက်

ဤအချက်အလက်များသည် လိုင်စင်ရ အစားအစာ ထားရှိရာ သို့မဟုတ် တည်းခိုရာ နေရာများအတွက် ဖြစ်ပါသည်။ ရေလွှမ်းမိုးမှုနှင့် ဓာတ်အားပြတ်တောက်မှုများ အပြီးတွင် သင့်အဆောက်အဦနှင့် သိုလှောင်ထားသည့် အစားအစာများ ထိခိုက်ပျက်စီးပြီးနောက် ပြန်ဖွင့်လှစ်ရာတွင် အောက်ပါတို့ကို လိုက်နာရမည်။

## သင့်အဆောက်အဦအား ပိတ်ခြင်း

ဖော်ပြပါ ဘေးအန္တရာယ် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး ရှိနေလျှင် သင့်အဆောက်အဦတွင် လုပ်ငန်းဆောင်ရွက်မှုအား ပိတ်သိမ်းထားရမည်-

- အစားအစာ ထားရှိရာနေရာ၏ အစိတ်အပိုင်းတစ်ခု ရေလွှမ်းခဲ့သည် - ရေလွှမ်းသည့်ရေမှန်သမျှကို ညစ်ညမ်းရေဟု သတ်မှတ်မည်
- အဆောက်အဦအတွင်း မိလ္လာလျှံတက်လာခြင်း
- ပိုက်များမှ ရေမကျခြင်း နှင့် ဝန်ထမ်းများ အိမ်သာသုံး၍မရခြင်း
- အစားအစာ ထားရှိရာနေရာ၏ သောက်ရေရင်းမြစ် ရေလွှမ်းခဲ့ပြီး အစားထိုး ရင်းမြစ်များမှဖြစ်စေ၊ ရေကြို့ချက်ရန် အသိပေးလမ်းညွှန်ချက်များကို လိုက်နာရ၍ဖြစ်စေ သောက်ရေမရနိုင်ခြင်း
- ဖောက်သည်များ သို့မဟုတ် ဝန်ထမ်းများသည် မိလ္လာဖြင့် ညစ်ညမ်းနေသည့်ရေကို ကျော်ဖြတ်လမ်းလျှောက်ပြီးမှ အဆောက်အဦသို့ လာရခြင်း
- ဓာတ်အားမရှိခြင်း
- အဆောက်အဦအတွင်း အစားအစာ ဘေးကင်းလုံခြုံမှုကို ထိခိုက်နိုင်သည့် အခြားဘေးအန္တရာယ်များရှိခြင်း

## ပြန်မဖွင့်မီ ပြန်လည်စစ်ဆေးခြင်း

အစားအစာ ဘေးကင်းလုံခြုံရေးကို ထိခိုက်မှုမရှိဘဲ ပုံမှန်လုပ်ငန်းများကို ဘေးကင်းစွာ ပြန်စတင်နိုင်ခြင်းရှိမရှိ အတည်ပြုနိုင်ရန် ကိုယ်တိုင်စစ်ဆေးချက်တစ်ခု ဆောင်ရွက်ပါ။ တည်ဆောက်ပုံနှင့် လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ လမ်းညွှန်မှုများဖြင့်သာ အဆောက်အဦအတွင်း သတိထားဝင်ရမည်။ ကျန်းမာရေးဌာန၏ အစားအစာနှင့် တည်းခိုရာ အစီအစဉ်၏ ညွှန်ကြားမှုအရ သင့်အဆောက်အဦကို ပိတ်ထားရခြင်းဖြစ်ပါက ပြန်မဖွင့်မီ ကျန်းမာရေးဌာန၏ ပြန်လည်စစ်ဆေးမှုကို ခံယူရန်လိုသည်။

## ပိုးသတ်ခြင်း

အသုံးပြုနိုင်သေးသည့် ပစ္စည်းကိရိယာများနှင့် မျက်နှာပြင်များကို အညစ်အကြေးများ ဖယ်ရှားပြီး ပိုးသတ်ရမည်။ ပိုးမသတ်မီ မျက်နှာပြင်များကို သေချာစွာဆေးကြော ရေလောင်းထားပါ။ ဥပမာ **100-200 ppm** ပြင်းအား ကလိုရင်း ကြေးချွတ်ဆေး (သောက်ရေ **1**

ဂါလန်တွင် ကြေးချွတ်ဆေး စားပွဲတင်ဇွန်း **1** ဇွန်း)၊ **200 ppm** ပြင်းအား **Quaternary Ammonium** သို့မဟုတ် အခြားအသိအမှတ်ပြု ပိုးသတ်ဓာတုပစ္စည်းများ ကဲ့သို့သော ဓာတုပစ္စည်းသုံး ပိုးသတ်နည်းဖြင့် အညစ်အကြေး ဖယ်ရှားခြင်းနှင့် ပိုးသတ်ခြင်း လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ သေချာအညစ်အကြေးဖယ်ရှားခြင်းဖြင့် အန္တရာယ်ပေးနိုင်သည့် အဏုဇီဝ ပိုးမွှားများ၊ ဓာတုပစ္စည်း အကြွင်းအကျန်များ၊ အစားအစာ ဘေးကင်းလုံခြုံမှု အန္တရာယ်များ ဖြစ်နိုင်သည့် အညစ်အကြေးများကို ဖယ်ရှားပေးနိုင်သည်။

## ထိခိုက်ပျက်စီးနေသည့် အစားအစာများကို စွန့်ပစ်ပါ

ထိခိုက်ယိုယွင်းမှု မရှိသည့် လေလုံစည်သွပ်ဘူးများအတွင်းမှ အစားအစာများမှလွဲပြီး ရေလွှမ်းမိုးရေနှင့် ထိတွေ့ထားသည့် အစားအစာနှင့် ထုပ်ပိုးပစ္စည်းများ အားလုံးကို စွန့်ပစ်ပါ။

အသား၊ ကြက်/ငှက်သား၊ ကြက်ဥ/ဘဲဥ၊ ဥထွက်ပစ္စည်းများနှင့် နို့တို့ကဲ့သို့သော ရေခဲသေတ္တာအတွင်း အေးခဲထားသည့် ပစ္စည်းများမှ ရေလွှမ်းမိုးရေတွင် နစ်မြုပ်ခဲ့သည့် ပစ္စည်းများအားလုံးကို ဖျက်ဆီးပစ်ပါ။ ရေလွှမ်းရေနှင့် ထိသည်မထိသည် မသေချာပါက စွန့်ပစ်လိုက်ပါ။

- စည်သွပ်ဘူးသွင်း အစားအစာများကို စစ်ဆေးပြီး ထိခိုက်ယိုယွင်းနေသည့် စည်သွပ်ဘူးများအတွင်းမှ အစားအစာများကို စွန့်ပစ်လိုက်ပါ။ စည်သွပ်ဘူး ထိခိုက်ယိုယွင်းမှုကို ဖောင်းလာခြင်း၊ ယိုစိမ့်ခြင်း၊ အပေါက်ရာ၊ အပေါက်၊ အက်ကွဲရာ၊ ပုံမှန်အတိုင်း ထပ်၍စီ၍ မရသည်အထိ၊ ပုံမှန် စက်ဝိုင်းပုံ စည်သွင်းဘူးဖောက်တံဖြင့် ဖောက်မရသည်အထိ ပြင်းထန်သည့် အတွင်းအထိ သံချေးတက်ခြင်း သို့မဟုတ် ပိန်နေခြင်း/ချိုင့်နေခြင်းများမှ သိနိုင်သည်။
- လှည့်ဖွင့်ရသည့် အဖုံးများ၊ တွန်းဖွင့်ရသည့် အဖုံးများ၊ အနားခေါက်ထားသည့် အဖုံးများ (စပါကလင်ပုလင်းများ)၊ လိမ်ဖွင့်ရသည့် အဖုံးများ၊ လှန်ဖွင့်ရသည့် အဖုံး၊ ဆွဲဖွင့်ရသည့် အဖုံးနှင့် အလားတူအဖုံးပါ ရေလွှမ်းရေတွင် နစ်ခဲ့သည့် ဘူး/ပုံးများအတွင်းမှ ပစ္စည်းများကို စွန့်ပစ်ပါ။
- ရေကြောင့်ထိခိုက်ယိုယွင်းနေသည့် ပလပ်စတစ်၊ စက္ကူ၊ ကတ်ထူ၊ အဝတ်နှင့် အလားတူ ဘူး/ပုံးများအတွင်း ထည့်သွင်းထားသည့် အစားအစာများကို ကောင်းရာရွေး ပြန်သုံးရန် မကြိုးပမ်းပါနှင့်။
- သတ္တုစည်သွပ်ဘူး သို့မဟုတ် သတ္တုပါးပါရှိသည့် အထုတ်များအတွင်းမှ စီးပွားဖြစ် ပြင်ဆင်ရောင်းချသည့် အစားအစာများကို ထိခိုက်မှုမရှိပါက ကွာနိုင်သည့် လေဘယ်များကို ခွာထားသရွေ့ ပြန်လည်အသုံးပြုနိုင်ပါသည်။ စည်သွပ်ဘူးများကို သေချာဆေးကြောပြီးနောက် သောက်ရေ တစ် ဂါလန်တွင် ကြေးချွတ်ဆေး စားပွဲတင်ဇွန်း **1** ဇွန်း ထည့်သွင်းထားသည့် သန့်စင်ဆေးရည်ဖြင့် ပိုးသတ်ပေးပါ။ နောက်ဆုံးတွင် သက်တမ်းကုန်ရက် အပါအဝင် လေဘယ်များခွာထားသည့် ဘူး/ပုံးများကို မာကာဖြင့် လေဘယ်ပြန်တပ်ပါ။
- စွန့်ပစ်ရမည့် အစားအစာများကို ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသတွင်း စွန့်ပစ်ပစ္စည်း အစိုင်အခဲများ သိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွန့်ပစ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ သင့်လျော်စွာ၊ ဘေးကင်းစွာ စွန့်ပစ်ရမည်။ ဤကုန်စည်ပစ္စည်းများ လူစားသုံးနိုင်သည့် အချို့အယွင်းပါ သို့မဟုတ် ကောင်းရာရွေး ပြန်စုထားသည့် ကုန်စည်များအဖြစ် ပြန်ပေါ်မလာစေရန် ဤသို့စွန့်ပစ်ရခြင်းဖြစ်သည်။

## အဆောက်အဦးနေရာများ

- ရေလွှမ်းသည့် ရေတွင်းရှိပါက ရေပြန်ကျသွားလျှင် ထိုရေတွင်းမှရေကို ပိုးသတ်ပြီး ဘေးကင်းမှုရှိမရှိ စမ်းသပ်ရမည်။ သင့်ရေတွင်း ညစ်ညမ်းနေသည်ဟု သံသယရှိပါက ပိုးသတ်ခြင်း လုပ်ထုံးလုပ်နည်းများကို ကျန်းမာရေးဌာန ဝက်ဘ်ဆိုက်တွင်

ကြည့်ရှုနိုင်သည် -[healthvermont.gov/health-environment/drinking- water/disinfection](healthvermont.gov/health-environment/drinking-water/disinfection) (အင်္ဂလိပ်ဘာသာဖြင့်)

- အများသုံး ရေအရင်းအမြစ်တစ်ခု သုံးနေပါက သောက်သုံးရန် သင့်/မသင့်ကို ရေကုမ္ပဏီနှင့် အတည်ပြုပါ။ သောက်ရေဟုတ်မဟုတ် အတည်မပြုနိုင်ပါက ရေကြိုချက်ရန် အသိပေးလမ်းညွှန်ချက်များကို လိုက်နာပါ။
- အဆောက်အဦ အတွင်းမျက်နှာပြင်နေရာများ (ဥပမာ ကြမ်းပြင်များ၊ နံရံများနှင့် မျက်နှာကျက်များ) အားလုံးကို သောက်ရေဖြင့် ဆပ်ပြာရည်အပူ ဖျော်စပ်၍ သေချာဆေးကြောပြီးနောက် ဆပ်ပြာနှင့် အခြားလက်ကျန် အညစ်အကြေးများ ပြောင်သည်အထိ ရေဆေး၍ သန့်စင်ဆေးရည်ဖြင့် ပိုးသတ်ပေးပါ။ (အထက်ပါ ပိုးသတ်ခြင်း အခန်းကို ကြည့်ပါ။)
- မှိုမတတ်ရန် ကာကွယ်ပါ သို့မဟုတ် မှိုစွဲနေလျှင် သန့်ရှင်းရေးလုပ်ပါ။ ရေလွှမ်းရေနှင့် ထိတွေ့သည့် သို့မဟုတ် အခြားနည်းလမ်းကြောင့် ထိခိုက်ပျက်စီးနေသည့် အဆောက်အဦ၏ တည်ဆောက်ပုံ အစိတ်အပိုင်းများ (ဥပမာ နံရံများ၊ ပိုက်လိုင်းများ၊ မျက်နှာကျက်နှင့် **HVAC** စနစ်/လေဝင်လေထွက် စနစ်များ) ကို တတ်နိုင်သရွေ့ သန့်ရှင်းရေးလုပ်၊ ပြင်ဆင်ပြီး ပိုးသတ်ပါ။ ရေကြောင့်ထိခိုက်ယိုယွင်းနေသည့် နံရံအကာများကို ဖယ်ရှားပြီး ဖျက်ဆီးပစ်ပါ။ မှိုစွဲနေသည့် အင်္ဂတေနံရံများကို မှိုသတ်၍ ပြင်ဆင်နိုင်သည်။
- လေထွက်စနစ် မှန်သမျှမှ ပစ္စည်းအပိုင်းအစများကို ဖယ်ရှား၍ သေချာသန့်ရှင်းရေးလုပ်ပါ။ လိုအပ်သလို ဝန်ဆောင်မှုပေး ကျွမ်းကျင်နည်းပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပါ။ သေချာသန့်ရှင်းခြင်း၊ ပိုးသတ်ခြင်းများ မလုပ်နိုင်မည့် ရေကြောင့်ထိခိုက်ယိုယွင်းနေသော လေဝင်လေထွက်စနစ်များကို ဖယ်ရှားပြီး အသစ်လဲရမည်။ မည်သည့်အခြေအနေတွင်မဆို လေဝင်လေထွက်စနစ်မှ လေဖစ်တာများ အားလုံးကို အသစ်လဲပါ။

## ပစ္စည်းကိရိယာ

- လက်ကိုင် သတ္တုဟင်းအိုးများ၊ ကြွေပန်းကန်များနှင့် မီးဖိုချောင် အသုံးအဆောင်များ (စည်သွပ်ဖူးဖောက်တံများ အပါအဝင်) ကို ရေပူနှင့် ဆပ်ပြာတို့ဖြင့် သေချာဆေးကြောပါ။ ဆေးကြောပြီး သောက်ရေဆူတွင် ထည့်ပြုတ်၍ဖြစ်စေ၊ သောက်ရေ တစ် ဂါလန်တွင် အနံ့မပါသည့် ကလိုရင်း ကြေးချွတ်ဆေးရည် စားပွဲတင်ဇွန်း **1** ဇွန်းပါ ဆေးရည် သို့မဟုတ် အခြား ခွင့်ပြုချက်ရ သန့်စင်ဆေးရည်တွင် **15** မိနစ်ကြာ စိမ်၍ဖြစ်စေ ပိုးသတ်ပေးပါ။ မှန်ကန်သည့် ပြင်းအားကို သန့်စင်ဆေးရည်တွင် ကပ်ထားသည့် လမ်းညွှန်ချက်များမှ ကြည့်ရှုရွေးချယ်ပါ။
- စားပွဲကောင်တာထိပ်၊ ပစ္စည်းကိရိယာနှင့် အစားအစာနှင့် ထိတွေ့ခြင်းမရှိသည့် မျက်နှာပြင်များကို ရေပူနှင့် ဆပ်ပြာတို့ဖြင့် သေချာဆေးကြောပါ။ ဆေးကြောပြီးနောက် သောက်ရေ တစ် ဂါလန်တွင် အနံ့မပါသည့် ကလိုရင်း ကြေးချွတ်ဆေးရည် စားပွဲတင်ဇွန်း **1** ဇွန်းပါ ဆေးရည် သို့မဟုတ် အခြား ခွင့်ပြုချက်ရ သန့်စင်ဆေးရည် အသုံးပြုပြီး ပိုးသတ်ပေးပါ။ လေဖြင့်အခြောက်ခံပါ။
- ပစ္စည်းကိရိယာနှင့် မီးဖိုချောင် အသုံးအဆောင်များကို ပန်းကန်ဆေးစက် သို့မဟုတ် အကန့်သုံးကန့်ပါ ဘေစင်ဖြင့် သောက်ရေသုံး၍ ဆေးကြောပြီးလျှင်-
    - အစားအစာနှင့် ထိတွေ့ရသည့် မျက်နှာပြင်များနှင့် ကိရိယာများကို ပြင်းအား **50-100 ppm** ရှိ ကလိုရင်း ကြေးချွတ်ဆေး (သောက်ရေ **1** ဂါလန်လျှင် ကြေးချွတ်ဆေး စားပွဲတင်ဇွန်း **1/2** ဇွန်း) သို့မဟုတ် အခြား ခွင့်ပြုချက်ရ သန့်စင်ဆေးများ အသုံးပြု၍ ဆေးကြောပါ။
    - **50 ppm** ကလိုရင်း (ဓာတုဆေးသုံး ပိုးသတ်သည့် စက်များအတွက်) ဖြင့်ဖြစ်စေ၊ **180°F** အပူချိန် (ရေပူဖြင့်

ပိုးသတ်သည့် စက်များအတွက်) ဖြင့်ဖြစ်စေ ပန်းကန်ဆေးစက်တွင်ထည့်၍ နောက်ဆုံးအကြိမ် ဆေးကြောပိုးသတ်ရမည်။

- ဓာတုဆေးသုံး ပိုးသတ်ရန်အတွက် သန့်စင်ဆေး ပြင်းအားလုံလောက်မှုရှိမရှိ စစ်ဆေးနိုင်ရန် ခွင့်ပြုချက်ရ စစ်ဆေးကိရိယာနှင့် ရေအပူချိန် **180°F** ရောက်ရှိကြောင်း၊ မီးဖိုချောင် အသုံးအဆောင် မျက်နှာပြင်များ၏ အပူချိန် **170°F** ရောက်ရှိကြောင်း အတည်ပြုနိုင်ရန် အများဆုံးအပူချိန် တိုင်းတာသည့် သာမိုမီတာ သို့မဟုတ် အပူချိန်တိုင်းတိပ်တို့ အသင့်ရှိရမည်။
- ပန်းကန်ဆေးစက် အလွတ်ကို ဆေးကြောပြီး ပိုးသတ်သည့် လုပ်ငန်းစဉ် သုံးကြိမ်ပြီးသည်အထိ ဖွင့်ထားရမည်။ ရေပိုက်လိုင်းများမှ ရေများကို ဖောက်ထုတ်ရန်နှင့် ပစ္စည်းကိရိယာနှင့် မီးဖိုချောင် အသုံးအဆောင်များ မဆေးကြောမီ ပန်းကန်ဆေးစက်အား သန့်ရှင်းရေးလုပ် ပိုးသတ်ပြီးဖြစ်စေရန် ဤသို့ဖွင့်ထားရခြင်းဖြစ်သည်။

- သန့်ရှင်းရေးမလုပ်မီ အအေးခံထားသည့် ဆိုင်ရှေ့မှန်ပုံးနှင့် သိမ်းဆည်းရာပုံးများနှင့် အခြား အစားအစာ သိုလှောင်ရာ အအေးခံကိရိယာများမှ ညစ်ညမ်းနေသည့် ကုန်စည်များအားလုံးနှင့် ၎င်းတို့မှ အရည်များကို ရှင်းလင်းဖယ်ရှားထားရမည်။
- အအေးခံထားသည့် သိုလှောင်ကိရိယာများကို ဆပ်ပြာရည်ပူဖြင့် အတွင်းအပြင် သေချာဆေးကြောပြီး ဆပ်ပြာနှင့် အခြားပစ္စည်း အကြွင်းအကျန်များ ပြောင်သည်အထိ ရေဆေးထားရမည်။ မီးလုံးမီးခွက်များ၊ ရေဆိုးထုတ်သည့်နေရာများ၊ လေဝင်လေထွက်ပေါက်များ၊ ထောင့်များ၊ အက်ကွဲသည့်၊ ဟနေသည့် နေရာများ၊ တံခါးလက်ကိုင်များနှင့် တံခါးဘောင်ဆီးလ်များကို အထူးဂရုစိုက် သန့်ရှင်းရေးလုပ်ပါ။ သန့်ရှင်းရေးလုပ်ထားသည့် မျက်နှာပြင်အားလုံးကို သန့်စင်ဆေးရည်ဖြင့် ပိုးသတ်ပါ။ (အထက်ပါ ပိုးသတ်ခြင်း အခန်းကို ကြည့်ပါ။)
- ရေလွှမ်းမိုး၍၊ အစားအစာများ အရည်ပျော်၍ အပူအအေးအကာ၊ တံခါးဘောင်ဆီးလ်များ၊ ပိုက်များ အစရှိသည်တို့ ပျက်စီးခဲ့ပါက ဤအအေးခံ ဆိုင်ရှေ့မှန်ပုံးများနှင့် သိမ်းဆည်းရာပုံးများနှင့် အခြားအအေးခံကိရိယာများကို အသစ်လဲခြင်း သို့မဟုတ် စွန့်ပစ်ခြင်းများ လုပ်ဆောင်ပါ။
- ပစ္စည်းကိရိယာများမှ မဖြုတ်ဘဲ သန့်ရှင်းရေးလုပ်နိုင်မည် မဟုတ်သည့် ဖစ်တာအားလုံးကို ဖယ်ရှားပြီး အသစ်လဲပါ။
- ရေခဲစက်နှင့် ဖျော်ရည်စက် ဖစ်တာအားလုံးကို အသစ်လဲ၍ ရေနွေးငွေ့ရေပိုက်နှင့် ရေခဲစက်ရေပိုက်တို့ အပါအဝင် ရေပိုက်လိုင်းများ အားလုံးကို **10** မိနစ်မှ **15** မိနစ် ဖောက်ချထားပါ။
- ရေခဲစက်များမှ ရေခဲအားလုံးကို စွန့်ပစ်ပါ။ အတွင်းမျက်နှာပြင်များ (ရေခဲခန်းနှင့် သိုလှောင်ခန်း) ကို သန့်ရှင်းရေးလုပ်ပြီး ပိုးသတ်ပါ။ ရေခဲစက်ကို အစအဆုံး သုံးကြိမ်ဖွင့်ထားပြီး တစ်ကြိမ်ပြီးတိုင်း ထွက်သည့်ရေခဲများကို စွန့်ပစ်ပေးပါ။
- ဘောစင်အားလုံးကို ပြန်မသုံးမီ သန့်ရှင်းရေးလုပ်ပြီး ပိုးသတ်ပါ။
- ပစ္စည်းကိရိယာ သေချာအလုပ်လုပ်သည် မလုပ်သည်နှင့် စက်ကြွခိုင်ရေး သေချာထိန်းသိမ်းမှု ရှိမရှိ စစ်ဆေးပါ။
- မီးဖိုများကို အသုံးမပြုမီ သေချာသန့်ရှင်းရေးလုပ်ပြီး မီးသတ်ဌာန၊ ဒေသခံ ရေမီးကုမ္ပဏီ သို့မဟုတ် ခွင့်ပြုချက်ရ ပြင်ဆင်ရေး ကိုယ်စားလှယ်က စစ်ဆေးထားရမည်။

## အစားအစာ အပူချိန်များ ထိန်းသိမ်းခြင်း

- အပေါ်ဖွင့် အအေးခံ ဆိုင်ရှေ့မှန်ပုံးနှင့် ရေခဲပုံးများ၊ လူဝင်နိုင်သည့် ရေခဲခန်းများ၊ ရေခဲပုံးများအတွင်း အစားအစာများ လဲလှယ်မထည့်သွင်းမီ ၎င်းတို့သည် အအေးခံ ထိန်းသိမ်းအပူချိန် (ခဲထားချိန်တွင် **≤41°F**) ကို ဆက်ထိန်းထားနိုင်ခြင်း ရှိမရှိ

အတည်ပြုရမည်။

- အပူပေး ကိရိယာသည် တိရိစ္ဆာန်ထွက် အစားအစာ အစိမ်းတို့အတွက် သင့်လျော်သည့် ချက်ပြုတ်အပူချိန် (≥135°F) အထိ အပူပေးနိုင်ရမည်။ အအေးပေး ကိရိယာသည် အစားအစာများကို သင့်လျော်သည့် (≤41°F) အပူချိန်တွင် ဆက်ထိန်းထားနိုင်ရမည်။
- အစားအစာ ပြင်ဆင်ချက်ပြုတ်ရာတွင် အသုံးပြုသည့် (ချက်ပြုတ်၊ အအေးခံ၊ ပြန်နွှေးသည့်) ကိရိယာအားလုံး အသုံးမပြုမီ သေချာအလုပ်လုပ်ပြီး တိကျစွာ ချိန်ညှိထားကြောင်း အတည်ပြုရမည်။

## အစားအစာရင်းမြစ်နှင့် လက်ခံရယူခြင်း

- အစိမ်းဖြစ်သည့်၊ လတ်ဆတ်သည့်၊ အေးခဲထားသည့်၊ ကြိုတင်ထုတ်ပိုးထားသည့်၊ ရေရှည်သိမ်းဆည်းနိုင်သည့်၊ အသင့်စားနိုင်သည့် အစားအစာများ အပါအဝင် အစားအစာအားလုံးကို ခွင့်ပြုချက်ရ ရင်းမြစ်တစ်ခုမှ လက်ခံရယူခြင်း ဖြစ်ရမည်။
- ရေလွှမ်းရေနှင့် ထိတွေ့ခဲ့သော လတ်ဆတ်သည့် ထွက်ကုန်များမှ စားသောက်နိုင်သည့် အစိတ်အပိုင်းအားလုံးသည် ညစ်ညမ်းနေသည်ဟု သတ်မှတ်ရမည်ဖြစ်ပြီး ၎င်းတို့ကို အသုံးပြုခြင်း မရှိရ။
- အစားအစာနှင့်ပတ်သက်၍ အာမခံချက်ပေးရန် သတ်မှတ်ထားသော တာဝန်ရှိပုဂ္ဂိုလ်ကပေးသော အစားအစာကို လက်ခံသင့်သည်။
- ထုတ်ပိုးမှုများသည် အပူချိန်သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ကွဲအက်ခြင်း၊ ချုပ်ရိုးများ သို့မဟုတ် အခြားအပေါက်များ မရှိရ။ အစားအစာပါ စည်သွပ်ဘူးများ ဖောင်းနေခြင်း သို့မဟုတ် စည်သွပ်ဘူး ပိန်ချိုင့်နေခြင်း သို့မဟုတ် ထိုးဖောက်ရာများပါဝင်ခြင်း မရှိရဘဲ၊ လေဘယ်များတွင် ပေကျံပျက်စီးနေခြင်းလည်း မရှိရ။
- အပူချိန်ထိန်းချုပ်ရန် လိုအပ်သည့် အစားအစာများကို ရေခဲထားသည့် အခြေအနေတွင်ဖြစ်စေ၊ ရေခဲသို့လျောင်ရာတွင် အပူချိန် 41°F အောက် အပူချိန်တွင်ဖြစ်စေ လက်ခံရရှိခြင်း ဖြစ်ရမည်။

## အင်းဆက်ပိုးမွှား ထိန်းချုပ်ခြင်း

- အဆောက်အဦအတွင်း ဝင်ရောက်နိုင်သည့် ကြွက်/အင်းဆက်ပိုးမွှား မှန်သမျှကို သေချာရှင်းလင်းရမည်။ သေနေသည့် အင်းဆက်ပိုးမွှားများကို ဖယ်ရှားပြီး ၎င်းတို့နှင့် ထိတွေ့နိုင်သည့် အစားအစာနှင့် ထိတွေ့သော မျက်နှာပြင်မှန်သမျှကို ပိုးသတ်ပေးရမည်။
- အင်းဆက်ပိုးမွှားနှင့် ကြွက်များ နောက်ထပ်မဝင်စေရန် အဆောက်အဦ အပေါက်မှန်သမျှတွင် ပိတ်ဆို့တားဆီးရမည်။
- ကြွက်နှင့် ယင်များ မလာစေရန် ညစ်ညမ်းနေသည့်၊ ပုပ်သိုးသွားသည့် အစားအစာ အခဲများကို ဘူး/ပုံး အပိတ်များတွင် ထည့်သွင်းစွန့်ပစ်ရမည်။

## ဝန်ထမ်းများ

- လက်ဆေးရန် ဆပ်ပြာနှင့် ပုံမှန်ဖွင့်ထားသည့် သောက်ရေနွေး (အနည်းဆုံး **100°F**) ကို အမြဲသုံးပါ။
- လက်သန့်ဆေးသုံးလိုပါက လက်ဆေးပြီးမှသာ သုံးနိုင်သည်။ လက်သန့်ဆေးများသည် ပေကျံနေသည့် လက်ပေါ်မှ ရောဂါပိုးမွှားများအတွက် ထိရောက်မှုမရှိဘဲ ဆပ်ပြာနှင့် ရေဖြင့် ဆေးကြောခြင်း အစား သုံးနိုင်မည် မဟုတ်ပါ။
- ဝန်ထမ်းများသည် အသင့်စား အစားအစာများကို လက်ဗလာဖြင့် ထိတွေ့ခြင်းမပြုဘဲ ညှပ်များ၊ တစ်သျှူးအထူများ သို့မဟုတ် တစ်ခါသုံး လက်အိတ်များဖြင့်ကို အသုံးပြုရမည်။
- အနာစိုရှိသည့် ဝန်ထမ်းများသည် အစားအစာများ ကိုယ်တိုင် ပြင်ဆင်ချက်ပြုတ်ရာတွင် သို့မဟုတ် အစားအစာနှင့် ထိတွေ့ရမည့် သန့်ရှင်းပြီး ပိုးသတ်ထားသည့် မျက်နှာပြင်များ သို့မဟုတ် တစ်ခါသုံး ဇွန်း/ခက်ရင်းတို့နှင့် ထိတွေ့ရမည့် နေရာများတွင် အလုပ်မလုပ်ရပါ။ ပိုးဝင်နေသည့် အနာများကို လက်အစွပ် သို့မဟုတ် ရေလုံ အနာကပ်ပလာစတာနှင့် ပလပ်စတစ် လက်အိတ်များ ကဲ့သို့သော ရေလုံသည့် အကာများဖြင့် နှစ်ထပ်ကာထားလျှင် ထိုအနာရှိအလုပ်သမားသည် အစားအစာများအနီးတွင် ဆက်လက်လုပ်ကိုင်နိုင်သည်။
- အော့အန်နေသည့်၊ ဝမ်းလျှောနေသည့်၊ အသားဝါနေသည့် ဝန်ထမ်းများသည် အလုပ်မလုပ်သင့်ဘဲ ထိုလက္ခဏာများပျောက်ပြီး အနည်းဆုံး **48** နာရီမကြာသေးသရွေ့ အလုပ်ပြန်မဆင်းရပါ။